
ချောက်ချောက်ချားချား ပရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

သူတစ်ပါးကို မကြည်ညိုရင်...

ကုသိုလ် မရရုံပဲရှိမယ်...။

ကိုယ့်ကိုကိုယ် မကြည်ညိုရင်...

အပါယ်ကျတတ်တယ်...။

အကြောင်းကာ...

သူတစ်ပါးကို လိမ်ညာ၍ ရသော်လည်း

ကိုယ့်ကိုကိုယ်...

လိမ်ညာ၍ မရသော ကြောင့်တည်း...။

စာမတတ်သောသူသည်

ပြတင်းပေါက် မပါသော အိမ်နှင့်တူ၏။

စာတတ်ပါလျက် စာမဖတ်သူသည်

ပြတင်းပေါက်ပါလျက် ပိတ်ထားသော အိမ်နှင့်တူ၏။

စာတတ်ပါလျက်...

သိသည့်အတိုင်း မကျင့်သူသည်

ပြတင်းပေါက် ဖွင့်ထားပါလျက်...

အပြင်ဘက်သို့ မကြည်သောသူနှင့် တူ၏။

ပါရမီ... ဆိုသည် မှာ

ထူးကဲသောဉာဏ် တစ်ကျပ်သား၌

ချွေးစက် ကိုးကျပ်သား...

ပေါင်းစပ်ထားခြင်းဖြစ်သည် ။

## စာစု(၁)

"သွေးပျက်ည လပြည့်ပုံပြင်နိဒါန်း"

ဆောင်းနှင်းမြူတို့ လွှမ်းခြုံထားသည့် လပြည့်ညက ရိုးမတောင် ခြေတစ်ဝိုက်တွင် ခပ်ပါးပါး ဖြန့်ကျက် ကျဆင်းလျက် ရှိပါ၏။

တောင်ခြေလှိုံ့စပ်ရှိ ကြီးမားလှသော ကျောက်ဖြစ် အင်ကြင်းပင်ကြီးနှစ်ပင်အနီးမှာ တော့ ရှေးဟောင်း မြို့ပျက်ကြီးလိုလို ပျက်စီးယိုယွင်း လျက်ရှိသော အဆောက်အအုံပျက်ကြီး တစ်ခုက မှုန်းဝါးဝါး လရောင်အောက်တွင် ကျောက်တိုင်၊ ကျောက်တံတိုင်းကြီးများ ထိုးထိုးထောင်ထောင်နှင့် တစ္ဆေအိုကြီးတစ်ကောင် ငုတ်တုတ်ကြီးထိုင်ကာ ငိုက်မြည်းနေသည်သို့...။

ရုံဖန်ရုံခါ လျှိုတစ်ဖက်ရှိ သစ်တောအုပ်ဆီမှ တဂီးဂီး၊ တဂစ်ဂစ်နှင့် ငှက်ဆိုးတိုးသံများ ၊ သံတို၊ သံရှည်၊ သံပြတ်နှင့် လေချွန်နေကြသည့် မြွေမျိုးစုံတို့ ၏ တွန်သံကြီးများ ၊ တစ်တောင်ကျော်ခန့်မှ တတိန်တိန် ကျားတစ်သံများ နှင့် တောကောင်ငယ်လေး များ ၏ တောတိုးသံလေး များကိုလည်း ကြားနေရသည် ။

တစ်ချက်… တစ်ချက် မြက်ရိုင်းပင်ကြီး များအား တိုးဝှေ့ တိုက်ခတ်လာသော ညဥ့်လေရူးတွင် တရှဲရှဲတဟဲဟဲနှင့် ထွက်ပေါ်လာသော အော်မြည်သံများကလည်း မကောင်းဆိုးဝါး တစ္ဆေကောင်ကြီးများ မြူးတူးဟစ်အော် နေကြသည့် နှယ်ပါတည်း။ ထို့ပြင် ညှီစို့စို့ ပုတ်အက်အက် အနံ့ဆိုးကြီး များကလည်း မြို့ဟောင်းပျက်ကြီး တစ်ဝိုက်တွင် ဝေ့ဝဲ စီးမျောလျက်…၊ ရောမ မြေအောင်းကွယ်ကြီးများ ၏ တစ်ကောင်နှင့် တစ်ကောင်အစာလုသံ၊ မာန်ဖီသံကြီး များကလည်း တိတ်ဆိတ်စွာ အိပ်မောကျနေသည့် လပြည့်ည၏ သန်းခေါင်ယံကို သွေးပျက်ချောက်ချား စေသည် လား။

ညသည် တစ်စ… တစ်စ ပို၍ ရင့်ရော်လာသည် ။ မကြာမီ လမွန်းတည့်ဟု ခေါ်ဆိုနိုင်သည့် သန်းခေါင်ယံ ညဥ့်ဗဟိုသည် မြို့ဟောင်းပျက်ကြီး ၏ ခေါင်မိုးတည့်တည့်သို့ ရောက်ရှိ လာခဲ့ပါလေ၏။

ထိုစဉ်မှာ ပင်…၊

မြို့ဟောင်းပျက် ကျောက်တံတိုင်းကြီး တစ်ခုပေါ်တွင် ဝတ်ရုံအမည်းကြီး တစ်ထည်ကို ဦးခေါင်းထိ ခြုံလွှမ်း၍ ကောက်ကောက်ကွေးကွေး တောင်ဝှေးကြီး တစ်ချောင်းကို မြှောက်ကာ နားမခံနိုင်သည့် အသံဆိုးကြီးဖြင့် ဟစ်အော်နေသည့် အရိပ်မည်းကြီးတစ်ခုကို မှုန်ဝါးဝါး လရောင်အောက်တွင် တွေ့မြင်လိုက်ရသည် ။

"အိုး… အိုး… ဟူး… ဝူး… အူး… အား"

အရိပ်မည်းတစ္ဆေကောင်ကြီးထံမှ ချောက်ချားသွေးပျက်ဖွယ် ဟစ် အော်သံကြီးများ နှင့်အတူ တရှဲရှဲ တဟဲဟဲနှင့် ညီးညူ တိုက်ခတ်နေသ ည့် လေတိုးသံကြီး များကလည်း သန်းခေါင်ယံ လပြည့်ည၏ သွေးပျက် ထိတ်လန့်ဖွယ် ညဥ့်သံသရာ ရှည်ကြီးအား စစ်ကူပေးနေသည့်နှယ်…။

"အူး… ဝူး… ဝူး… သားကြီးတွေ လာ.. လာကြ စားလှည့် သောက်လှ ည့်ကြ…ဟေးအူး ဝူး… လာကြ လာကြ"

"ဒေါက်.. ဒေါက်… ထန်း.. ဒေါက်... ဒေါက်… ထန်း"

ပါးစပ်မှ လည်း တတွတ်တွတ်အော်၊ လက်ထဲမှ တောင်ဝှေး ကောက် ကောက်ကြီး နှင့်လည်း ကျောက်သားတိုင်ကြီးများကို တဒေါက်ဒေါက်နှ င့် အဆက်မပြတ် ရိုက်ခေါက်နေ သံကြီးများက မြို့ဟောင်းကြီး တစ်ဝို က်တွင် ပဲ့တင် မြည်ဟီးလျက်…။

မကြာမီ… မြို့ဟောင်းပျက်ကြီး အတွင်းမှ လည်းကောင်း ညို့မှိုင်း အုံ့ဆိုင်း နေသည့် သစ်တောအုပ်ကြီး ဘက်ဆီမှ လည်းကောင်း တောင်ပံ ခတ်သံ တဖြန်းဖြန်း၊ အော်မြည်သံ မျိုးစုံတို့ ဖြင့် ငှက်ကြီးများ ၊ လင်းဆွဲ ကောင် ကြီးများမှာ တဝုန်းဝုန်းနှင့် ပျံသန်း လာကြသည် ။

"အိုး.. ဝူး… ဟေး လာကြ… လာကြ… စားကြ ဟေ့ စားကြစမ်း… ဟီး.. ဟီး.. ဟိုး… ဟိုး…ဟေ့"

အမျိုးအမည်မသိ ငှက်ကြီးများ နှင့် လင်းဆွဲကောင်ကြီး များမှာ အရိ ပ်မည်း တစ္ဆေကောင်ကြီး မြှောက်ရမ်းပစ်တင် ကျွေးနေသည့် အရာများ ကို အလုအယက် ကိုက်ချီ စားသောက် နေကြသည် ကို လပြည့်ည လ ရောက်မှုန်ဝါးဝါး အောက်တွင် ထိတ်လန့် ချောက်ချားဖွယ် တွေ့မြင် နေ

ရပါတော့သည် ။

"ဂီး ဂီး… ဂစ် ဂစ်… ဖြန်း… ဖြန်း… ဂီးဂဲ"

သန်းခေါင်ယံကို ကျော်လွန် လာသည် နှင့် တိမ်မြူ ရှင်းသွားသည့်ကို လပြည့်ဝန်းကြီးသည် ရိုးမတောင်ခြေရှိ မြို့ဟောင်းပျက်ကြီး ပေါ်သို့ တည့်မတ်စွာ ရောက်ရှိလာသည် မို့ ပျက်စီးယိုယွင်း နေသော မြို့ပျက်ကြီး တစ်ခုလုံးအား ထင်ထင်လင်းလင်း မြင်တွေ့နေရပါ ချေပြီတည်း။ ထိုအထဲတွင် မှ ဝိုင်းစက် ပြည့်ရွှန်းသော လပြည့်ဝန်းကြီးအား နောက်ခံပြုလျက် အသံဆိုးကြီးဖြင့် ဟစ်အော်နေသည့် အရိပ်မည်း ကောင်ကြီး၏ သွင်ဟန်ကလည်း သွေးပျက်ချောက်ချား ဖွယ်ရာပင်…။

ထိုအချိန်တွင် …၊ မြို့ဟောင်းပျက်ကြီး၏ ကျောက်တိုင်ကြီးများ ဘက်ဆီမှ ဖြူဖြူရှည်ရှည် သဏ္ဍာန်နှစ်ခုက မီးခိုးငွေ့တန်း ကဲ့သို့ ဝေ့ဝဲရွေ့လျား ထွက်ပြူ လာကြသည် ။ ထိုမီးခိုးငွေ့တန်း နှစ်ခုမှာ စိတ်ချောက်ချားဖွယ် မကောင်းဆိုးဝါးကြီး များ နှယ် ယိမ်းထိုး လှုပ်ရမ်းလျက် ရိုးမတောင်ထိပ် ဆီသို့တိုင် လွင့်မျောတက် နေကြသည် မှာ မယုံကြည်နိုင်ဖွယ် မြင်ကွင်း တစ်ခုနှယ်ပါသည် ။

တစ်ချိန်တည်းမှာ ပင် တရှဲရှဲ တဟဲဟဲ တိုက်ခတ်နေသည့် လေထိုးသံကြီးများ ၊ အရိပ်မည်း တစ္ဆေကောင်ကြီး၏ ချောက်ချားဖွယ် အော်ဟစ်သံကြီးများ နှင့် တဂီးဂီးတဂဲဂဲ အော်မြည်ရင်း မာန်ဖီကိုက်ခဲ နေကြသည့် ငှက်ကြီးများ ၏ အော်သံမျိုးစုံက သွေးပျက် ချောက်ချားဖွယ် သန်းခေါင်ယံ လပြည့်ညကို ဝိုင်းကူကာ ပုံဖော်ပေး နေကြသည် သို့…။

အချုပ်ဆိုရပါလျှင်… ပဲခူးရိုးမ တောင်ခြေအနီး ရှေးဟောင်းမြို့ပျက်ကြီး တစ်ဝိုက်ရှိ သန်းခေါင်ယံ လပြည့်ညသည် သွေးပျက် ချောက်ချားဖွယ်၊ ရူးသွပ်ထိတ်လန့် ဖွယ်ရာများ နှင့် သာသနွှေတည် မွေးဖွား

လာခဲ့သည့် ဂမ္ဘီရဆန် လှသော နယ်မြေကြီးသာ ဖြစ်ပါချေတော့သည် ။

မကြာမီ လပြည့်ညသည် သန်းခေါင်ယံကို ကျော်ဖြတ်၍ အရဏ်ဦး ဆီသို့ တရွေ့ရွေ့ ခရီးနှင့် လာခဲ့သည့် ။ ထို့အတူပင် တရှဲရှဲ တဟဲဟဲနှင့် မ ကောင်းဆိုးဝါး အော်ညည်းသံများ ၊ အရိပ်မည်း တစ္ဆေကောင်ကြီး၏ အော်သံ၊ ငှက်မြည်သံကြီး များက တစ်စ,တစ်စ တိုးတိမ် ပျောက်ကွယ် သွားကြသည် နှင့် ပဟေဠိဆန်သည့် အဖြူရောင် မီးခိုးငွေ့တန်း များ သ ည် လည်း ရိုးမတောင်ခြေရှိ မြို့ပျက်ကြီး တစ်ဝိုက်မှ တဖြည်းဖြည်း မှေး မှိန်ပျောက်ကွယ် သွားပါလေ တော့သည် ။

နောက်ဆုံးတော့... ပဲခူးရိုးမ တောင်ခြေရှိ ရှေးဟောင်း မြို့ပျက်ကြီး နှင့် ပျက်စီးယိုယွင်း လျက်ရှိသော ကျောက်တိုင်၊ ကျောက်တံတိုင်း ကြီးများ သာ မကြာမီ ကုန်ဆုံးတော့မည် ဖြစ်သော လပြည့်ည ရင်ခွင်တွ င် တိတ်ဆိတ် ငြိမ်သက်စွာနှင့် ကျန်ရစ်ခဲ့ပါ တော့သတည်း။

***

## စာစု(၂)

## "သွေးစွန်းလက်နှင့်... အနီရောင်ပုံပြင်"

အခါမဲ့မိုးက မကြာမီ သဲသဲမဲမဲ ရွာသွန်းတော့ မည့်ဟန်နှင့် ကောင်းကင်ပြင် တစ်ခုလုံးအား ညို့ညို့မှိုင်းမှိုင်းဖြင့် အုပ်ဆိုင်းထား လျက်ရှိသည် ။ မကြာမီ မိုးရိပ်မိုးသားများ နှင့် အုံဖွဲ့နေသည့် ညို့မှိုင်း မည်းမှောင်နေသော ကောင်းကင် အဇ္ဈောသည် မိုးသက်လေပြင်းကို စစ်ကူခေါ် လာကာ တဝေါဝေါ၊ တဖျောဖျောနှင့် အော်မြည်တိုက်ခတ် လာခဲ့ပါ ချေပြီတည်း။

"ဝေါ... ဝေါ... ဖျော... ဖရော... ဖရော... ဝုန်း"

"ဂျိမ်း... ဒလိန်း... ဂျိမ်း"

မည်းမှောင် နေသော ကောင်းကင် နက်နက်ကြီး တစ်ခုလုံး လျှပ်ပြက်သံ၊ မိုးထစ်ချုန်းသံ၊ လေပြင်းတိုက်ခတ် သံကြီးများ နှင့် ဆူညံစွာ အောက်မြည် နေသကဲ့သို့ မြေပြင်ထက် တွင် လည်း မိုးသက်မုန်တိုင်း ဒဏ်ကြောင့် သစ်ပင်ကြီး ငယ်တို့ မှာ ဆောက်တည်ရာမဲ့ အောက်ဟစ် ညည်းတွားရင် ယိမ်းထိုး လှုပ်ယမ်း နေကြသည် ။

တစ်ချီ... တစ်ချီ... ပြက်ခနဲ၊ လက်ခနဲ လင်းလက် သွားသည့် လျှပ်စီးအလင်းတန်းများ အောက်တွင် အနီရောင် ပဝါစလေးများက ဟိုမှ သည်မှ တဖျတ်ဖျတ်နှင့် လွင့်ပျံ ရိုက်ခတ်လျက်...၊

စင်စစ်… ထိုအနီရောင် ပဝါစများမှာ တစ်ဦးတစ်ယောက်၏ သွေးစွန်း အဝတ်စများ သာ ဖြစ်ပါချေ၏။ ထိုသွေးစွန်း အဝတ်စများကို အပိုင်းပိုင်း စုတ်ဖြလျက် သစ်ပင်သစ်ကိုင်း များ တွင် တစ်စစီ ချည်နှောင်သည့် လမ်းကြောလေး အဆုံးမှာ တော့ ကြီးမားခန့်ထည့် လှသော ရေးဟောင်း မြို့ပျက်ကြီး တစ်ခုက ငြိမ်သက်စွာဖြင့် ရပ်တည်လျက် ရှိပါချေ၏။ ထိုမှ တစ်ဆင့်… လှမ်းမျှော် ကြည့်လိုက်မည် ဆိုလျှင် သွေးစွန်းအဝတ်ပိုင်း တစ်ထည်ကို ခန္ဓာကိုယ်တွင် ရစ်ပတ်ကာ လှံရှည်ကြီး တစ်ချောင်းကို ကိုင်စွဲလျှက် မြို့ပျက်ကြီး၏ ကျောက်သားလှေကား ထစ်ပေါ်တွင် ငြိမ်သက်စွာ ထိုင်နေသည့် လူရွယ် တစ်ယောက်ကို ထူးထူးခြားခြား တွေ့မြင်ရမည် ဖြစ်ပါ၏။

စူးရဲသော မျက်လုံးအစုံ၊ ထူထဲ မည်းနက်သော မျက်ခုံး၊ လုံးကျစ်သော ခန္ဓာကိုယ် အချိုးအဆက်နှင့် ယောက်ျားပီသပြီး နေလောင်ထားသည့် ညိုမောင်းသော အသားအရည်တွင် ပိရိ သေသပ်သော နှုတ်ခမ်းနှင့် ရဲရင့်သော ရုပ်လက္ခဏာတို့ က မည်သည့် အလုပ်ကိုမဆို စူးစူးနစ်နစ် ဖွဲ့ခတ်၍ နောက်မဆုတ် စတမ်း လုပ်ကိုင်တတ်သော လူစားမျိုး ဖြစ်ကြောင်း ညွှန်းဆို ပြနေသည် သို့…။

အသက်အရွယ်မှာ နှစ်ဆယ်ကျော်ခန့် ရှိသော လူရွယ်၏ နက်မှောင်ရှည်လျားသော ဆံပင်ရိုင်းများက လေတွင် လွင့်ပျံ လှုပ်ခတ်လျက် ကျားသစ်ရေ လက်ပြတ် အမဲလိုက် သားမွေးအင်္ကျီကို ဝတ်ဆင်ထားပြီး သွေးစွန်းအဝတ်စကို ရင်ဘတ်တွင် စည်းနှောင် ထားသည့် လူရွယ်၏ မျက်နှာမှာ ကျောက်ဆစ် ရုပ်အသွင် အေးစက်မာကြော နေပါ၏။

ထို လူရွယ်သည် …

သွေးပျက် ချောက်ချားဖွယ် လျှပ်စီးလက်သံများ ၊ မိုးထစ်ချုန်း

သံကြီးများ ဖြင့် ကမ္ဘာပျက်ခမန်း ဆူညံစွာ အော်မြည်နေသည့် ဝန်းကျင်ကိုလည်း သတိပြုမိပုံမရ...၊ သို့သော် အသေအချာ ကြည့်မည် ဆိုလျှင်မူ လူရွယ်၏ အေးခဲနေသည့် မျက်နှာပြင် ထက်တွင် အငြိုးအတေး အာဃာတများ နှင့် နာကျဉ်း မုန်းတီးသော ခံစားချက် အစွန်းအထင်း များက စွန်းထင်း ပေကျံလျက်...။ ထို လူရွယ်သည် ...

တစ်စုံတစ်ရာကို သဲသဲမဲမဲ စောင့်စား နေဟန်ရှိသည် ။ ရုပ်ဒြပ် ခန္ဓာကိုယ်ကြီးက ကျောက်ဆစ်ရုပ် တစ်ရုပ်နှယ် မတုန်မလှုပ် ရှိနေသော်လည်း စူးရဲသော မျက်လုံး အစုံကမူ သိန်းစွန်ရဲ တစ်ကောင်၏ မျက်လုံးများကဲ့သို့ အငြိမ်မနေကြ။

ရှေ့တူရူ လမ်းကြော တစ်လျှောက် ဝဲယာတစ်ဖက် တစ်ချက်ရှိ သစ်ကိုင်းငယ် များ တွင် ချိတ်ဆွဲထားသည့် သွေးစွန်း အနီရောင် အဝတ်ပိုင်းငယ် လေးများ တဖျတ်ဖျတ် လှုပ်ရမ်းနေသည့် လမ်းကြော ဆီသို့သာ စူးစူးရဲရဲ ကြည့်နေပါ၏။

"ဂျိမ်း... ဒလိန်း... ဝုန်း"

တစ်ချက် တစ်ချက် ကြောက်ခမန်း လိလိ ပစ်ချလိုက်သော မိုးခြိမ်းသံများ ကြားမှာ တစ်စုံတစ်ခုသော သို့မဟုတ် ထူးခြားသော အသံဗလံ တစ်ချို့ကို ကြားရနိုးနိုးနှင့် သူ၏ နားကို အစွမ်းကုန် စွင့်ထားသည် ။ သည် ကြားထဲ တစ်ခါ... တစ်ခါ လစ်ဟာနေသည့် မသိစိတ် တစ်နေရာဆီမှာ နာကျင် ကြေကွဲဖွယ် အတိတ်တစ်ပိုင်း တစက ရုန်းကန်တိုး ထွက်တော့ မယောင်နှင့်...၊

"ချွတ်... ဖရော... ဖရော"

ထိုစဉ်... ဖျတ်ခနဲ အကြားအာရုံတွင် တိုးဝင်လာသော ထူးထူးခြားခြား အသံတစ်ပိုင်း တစ်စက သူကျောခိုင်းထားရာ မြို့ဟော

င်းပျက်ကြီး အတွင်းမှ လိုက်ရသဖြင့် ထိုင်ရာမှ ဆက်ခနဲ ထရပ်လိုက်သည် ။ တစ်ချိန် တည်းမှာ ပင် လူရွယ်၏ နှုတ်ခမ်းထောင့်တွင် နာကျင်နေသော အပြုံးတစ်ချက် တွဲခို လင်းလက်သွားပြီး စူးရဲတောက်ပသော မျက်လုံးအစုံ တို့ သည် ပင် တဖျတ်ဖျတ်နှင့် လင်းလက်လာ ကြသည် သို့…၊

ကျိခနဲ နှုတ်ခမ်းထောင့်မှ ထွက်ကျလာသော အံကြိတ်သံ တစ်ချက်နှင့်အတူ လက်ထဲမှ လှံရှည်ကြီးကို ခပ်တင်းတင်း ဆုပ်ကိုင် လိုက်မိသည် ။ ပွက်ပွက် ဆူလာသော နှလုံးသွေးတို့ သည် နာကျင် ခံစားမှုများ နှင့် ပေါင်းစည်းကာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် လှံရှည်ကိုင် လက်ဖဝါးဆီသို့ စီးဝင်သွားကြ လေသည် လား…။

စင်စစ်မှာ မူ…

လူရွယ် အချိန်ပေးကာ သဲကြီးမဲကြီး စောင့်စားနေသည့် တစ်စုံတစ်ရာသည် မျှော်လင့်နေသည့် သွေးညှီနံ့ သင်းသော ရှေ့တူရှု လမ်းကြောကလေးမှ ဝင်မလာဘဲ ထင်မှတ် မထားသည့် နောက်ကျောဘက် မြို့ပျက်ကြီးအတွင်းမှ တိတ်တဆိတ် ဝင်ရောက် လာခဲ့ပါ ချေပြီကော…။

လှုပ်ရှားနေသည့် စိတ်အစဉ်ကို သတိသမ္ပဇဉ် ကပ်ကာ မျက်လုံးအစုံကို ရှေ့နောက်ဝဲယာ မလွတ်စတမ်း ကြည့်လျက် အုတ်တံတိုင်း ပျက်ကြီးများ ၊ ကျောက်တိုင် အကျိုးအပျက် များ နှင့် ထိုးထိုးထောင်ထောင် ရှိနေသော ရှေးဟောင်းမြို့ပျက်ကြီး အတွင်းသို့ တစ်လှမ်းချင်း ဝင်ရောက်လာခဲ့သည် ။

ကြီးမားခန့်ထည် လှသော ရှေးဟောင်းမြို့ပျက် အဆောက်အဦးကြီးက မြင့်မားလှသော အုတ်နံရံ ပျက်ကြီးများ ကျိုးပျက်လျက်ရှိသော အုတ်တံတိုင်း ကြီးများ နှင့် လွန်ခဲ့သော ရှေးပဝေသဏီ တခေတ်ဆီက မည်မျှခန့်ထည် လှကြောင်း သက်သေညွှန်းဆို ပြ နေသကဲ့သို့ …။

သိန်းစွန်ရဲ တစ်ကောင်၏ စူးရဲသော မျက်လုံးအစုံနှင့် ပတ်ဝန်းကျင်ကို အလွတ်မပေး စတမ်းကြည့်ရင်း ကျောက်လှေကားထစ် များ အတိုင်း သတိနှင့် တက်လာခဲ့သည် ။ ကျောက်လှေကားထစ်များ ဆုံးသည် နှင့် ထောင့်ချိုးကွေ့ တစ်ခုသို့အရောက် မြေသားပျော့ပျော့တွင် လတ်လတ်ဆတ်ဆတ် ကျားခြေရာကြီး တစ်ခုကို ရုတ်တရက် မြင်တွေ့လိုက်ရသည် ။

သို့သော်...

"ဟင်... ဒါ... ဒါ ကျား... ကျားခြေရာကြီးပဲ၊ အိုး... နေ... နေပါဦး... ဒါကလူ... လူခြေရာတွေနဲ့ ကျားခြေရာတွေက အတူရှိနေရတာလဲ"

လူရွယ်မှာ ကျားခြေရာကြီး များ နှင့်အတူ လူသား တစ်ယောက်၏ ခြေရာတစ်ချို့ကိုပါ ရောထွေး၍ တွေ့မြင်နေရသည် မို့ လွန်မင်းစွာ အံ့ဩနေသည် သို့...၊ ပို၍ ထူးဆန်းသည် မှာ ကျားခြေရာပေါ်တွင် လူခြေရာများက ထပ်နေသဖြင့် စဉ်းစားရပို၍ ကျပ်သွားပါ၏။

ထို အခိုက်မှာ ပင်...၊

"ဝေါင်း... ဂရား"

"ဟင်း... ဟင်း... ဟင်း...ဟင်း"

လူရွယ်၏ နောက်ဘက် ကျောက်သားတိုင် အပျက်အစီးများ နှင့် ခြုံနွယ်များ အုပ်ဆိုင်းနေသည့် ချောင်ကျကျ နေရာဘက်မှ ကျားတစ်ကောင်၏ မာန်ဖီဟိန်း ဟောက်သံကြီးများ နှင့် မိန်းမတစ်ယောက်၏ ရယ်မောသံ သဲ့သဲ့ကိုပါ ကြားလိုက်ရသဖြင့် လူရွယ်မှာ ဒုတိယမ္ပိ အံ့ဩ မင်သက်သွားရ ပြန်ပါ၏။

"ဟင်... ဘာသံတွေလဲဟ"

လူရွယ်မှာ မယုံကြည်နိုင်ဖွယ် ဖြစ်ရပ်များကြောင့် ပိုမို၍ သတိကပ်ကာ လက်ထဲမှ လက်စွဲတော် လှံရှည်ကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း မြို့ပျက်ကြီး၏ အနီးဆုံး ကျောက်သားနံရံ တစ်ခုဆီသို့ ကျောကပ်လိုက်သည် ။

တစ်ချိန်တည်းမှာ ပင် သူ့ရှေ့ရှိ ခြုံနွယ်များ ရစ်ပတ် ဖုံးလွှမ်းနေသည့် ကျောက်တံတိုင်း ကြီးပေါ်မှ ကြီးမားလှသော ကျားကြီးတစ်ကောင်က လူရွယ်ထံသို့ ဝေါင်းခနဲ မာန်သွင်း ဟစ်အော်ရင်း ခုန်ဝင်လာသည် ကို ဖျတ်ခနဲမြင် တွေ့လိုက်ရသည် နှင့်...၊

"ဝေါင်း... ဂရား"

"ဟာ"

ရုတ်တရက် ကြီးမားလှသော ကျားကြီးတစ်ကောင်ကို မရှောင်သာ မတိမ်းသာပဲ အနီးကပ် မျက်ဝါး ထင်ထင်မြင် လိုက်ရသည် မို့ လူရွယ်မှာ ထိတ်လန့် တကြားဖြင့် လက်ထဲမှ လှံရှည်ကြီးနှင့် ကျားကြီးထံ အားကုန်ဆောင့်ထိုး လိုက်သည် ။

"ဝေါင်း"

"ဟား... အား"

သို့သော်...၊ ကျောက်တံတိုင်း အမြင့်မှ ခုန်ဝင်လာသော အရှိန်ကြောင့် ကျားကြီးရော လူရွယ်ပါ မြေပြင်ထက်တွင် လုံးထွေး ကျသွားသည့်နောက်မှာ တော့ လူရွယ်၏ အသိအာရုံ ဟူသမျှ လုံးဝမှောင် အတိကျသွားပါလေတော့ သတည်း။

***